# Mobile device များပေါ်မှာ text edit လုပ်ဖို့ Dropbox သုံးမယ်

**Dropbox ဟာ mobile collaborational tool တစ်ခုအဖြစ် ကောင်းစွာ လုပ်ဆောင်ပေးနိုင်ပြီး သူ့နဲ့တွဲကာ အခမဲ့ software လေးတွေ ပေါင်းသုံးပြီး ကိုယ်သိမ်းဆည်းထားတဲ့ file တွေ ကို လျင်မြန်စွာ ပြင်ဆင်နိုင်ပါတယ်။**

Mobile တွေနဲ့ desktop operating system တွေရှိတဲ့ အသုံးပြုသူအတွက်၊ အသုံးဝင်တဲ့ လုပ်ဆောင်ချက်များစွာနဲ့ Dropbox ဟာ ကိုယ့်ကို ပစ္စည်းအားလုံးနီးပါးကနေ လွယ်လွယ်ကူကူ file တွေမျှဝေနိုင်စေပါတယ်။

ဒါပေမဲ့ mobile collaborational tool တစ်ခုအဖြစ် Dropbox ကိုသုံးတာ မကောင်းတဲ့အချက်တစ်ချက် ရှိပါတယ်။ သူ့ရဲ့အဓိကဝန်ဆောင်မှုက file တွေသိမ်းဆည်းဖို့နည်းလမ်းတစ်ခုဖြစ်ပြီး upload ပြုလုပ်ထားတဲ့ file တွေထဲက textတွေကို phone တစ်လုံးပေါ်မှာ editလုပ်ဖို့ဆိုရင်တော့ သိပ်အဆင်မပြေနိုင်ပါဘူး။




Android အတွက် Dropbox app ထဲမှာပြင်ဆင်ဖို့ file ကို click နှိပ်ပြီးနောက် pop-up menu ကနေ DB Text Editor ကို ရွေးပါ




iOS အတွက် PlainText ထဲမှာ preferences screen ဖွင့်ဖို့ gear icon ကို ခေါက်ပါ

ကံကောင်းစွာပဲ တချို့ software တွေဟာ Dropbox နဲ့အတူ အလုပ်လုပ်ပေးနိုင်ပြီး သွားလာနေတုန်းမှာ file တစ်ခုကို ပြင်ဆင်ပြီးတဲ့နောက် Dropbox ဆီ ပြန်ထားနိုင်ပါတယ်။ Dropbox ရဲ့ Android app ဟာ ရိုးရှင်းတဲ့ text editor တစ်ခုပါရှိပေမယ့် iOS app မှာ native text editing လုပ်ဆောင်နိုင်စွမ်းမရှိတဲ့အတွက် third-party app တစ်ခုပြောင်းသုံးဖို့ လိုအပ်ပါတယ်။

## Android အတွက် Dropbox

ဒီ Dropbox Android app (*www.dropbox.com/android*) ဟာ သူ့ ကိုယ်ပိုင်ထည့်သွင်းထားတဲ့ text editor (DB Text Editor) နဲ့အတူ ပါလာပါတယ်။ Dropbox ထဲရှိ file တစ်ခုမှာ click နှိပ်ပြီးတဲ့နောက် pop-up menu ကနေ DB Text Editor ကို ရွေးပါ။ (ဒါကို default အနေနဲ့လည်း သတ်မှတ်ထားနိုင်ပါတယ်)။

Android phone အသုံးပြုသူတွေအတွက် DB Text Editor နဲ့ file တွေပြင်ဆင်ပြုလုပ်တာ ရိုးရှင်းတိကျပေမယ့် .txt ၊ .css ၊ .xml နဲ့ .html file အမျိုးအစားတွေသာ ဒီ software က လုပ်ဆောင်ပေးနိုင်ပါတယ်။ တကယ်လို့ ကိုယ်ဟာ .rtf file အမျိုးအစား၊ ဒါမှမဟုတ် Microsoft Word document တွေ ပြင်ဆင်ဖို့ အစီအစဉ်ရှိနေရင် တစ်နေရာရာမှာ ရှာဖွေကြည့်ဖို့ လိုအပ်ပါတယ်။

## PlainText

iOS အသုံးပြုသူတွေဟာ အပိုင်းအနည်းငယ်ကို ကျော်ဖြတ်ဖို့ ရှိပါတယ်။ iTunes store ကနေ PlainText (*find.pcworld.com/72559*) ကို download ပြုလုပ်ပြီး software ဖွင့်တဲ့အခါ ပုံမှာ ပြထားတဲ့ အတိုင်းတွေ့ရပါမယ်။ Preferences screen ဖွင့်ဖို့ ဘယ်ဘက်အောက်ရှိတဲ့ gear icon ခေါက်ပြီး ကိုယ့်ရဲ့ Dropbox account ကို set up ပြုလုပ်ဖို့ Dropbox ခေါက်ပါ။ PlainText ဟာ ကိုယ့်ရဲ့ Dropbox account အတွင်းမှာ ပြုလုပ်ထားတဲ့ PlainText လို့ခေါ်တဲ့ folder တစ်ခုနဲ့သာ sync ပြုလုပ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ Dropbox တစ်ခုလုံး ရရှိဖို့ preferences screen ပေါ်မှာရှိတဲ့ '/Plaintext' ကို slash (/) အဖြစ်ပြောင်းလဲပစ်ရပါမယ်။ သူက ကိုယ့်ရဲ့ home Dropbox directory ကို လက်ခံရယူနိုင်ပါတယ်။အဲဒီနောက်မှာ Link to Dropbox Account ကို ရွေးတဲ့အခါ ကိုယ့်ရဲ့ Dropbox login အချက်အလက်တွေ ထည့်သွင်းပေးဖို့ dialog box တစ်ခုပွင့် လာပါမယ်။ ကိုယ့်မှာ Dropbox account တစ်ခု ရှိမနေခဲ့ရင် ပြဿနာမရှိပါဘူး။ PlainText ကနေ account တစ်ခုကို လျင်မြန်စွာ ပြုလုပ်နိုင်ပါတယ်။

ဒီ software ကို ကိုယ့်ရဲ့ Dropbox account နဲ့ ချိတ်ဆက်ပြီးတာနဲ့ text file တစ်ခုကို ရိုးရှင်းစွာ ဆွဲယူနိုင်ပါတယ်။ Home screen က ကိုယ့်ရဲ့ Dropbox folder လိုအတိအကျမြင်တွေ့နိုင်ပါတယ်။ PlainText ဟာ .txt ၊ .css ၊ .xml နဲ့ .html file အမျိုးအစားတွေ ဖွင့်ပေးနိုင်ပါတယ်။ File တစ်ခုကို ပြင်ဆင်မှုလုပ်ပြီးတဲ့အခါ document's title ထဲရှိ drop-down menu ကနေ Sync all folders now ရွေးပြီး sync လုပ်နိုင်ပါတယ်၊ ဒါမှမဟုတ် ကိုယ့်ရဲ့ Dropbox account နဲ့ အလိုအလျောက် sync ပြုလုပ်ဖို့ PlainText ကို စောင့်လိုက်ရုံပါပဲ။

## Software က လုပ်မပေးနိုင်တာတွေ

ဒီ software ၂ ခုနဲ့ .txt ၊ .html လို ရိုးရှင်းတဲ့ပုံစံ text တွေကို ပြင်ဆင်နိုင်ပေမယ့် တခြားပုံစံပြောင်းလဲချက်တွေအတွက် ပိုပြီး အသုံးကျတဲ့ tool တစ်ခု လိုအပ်ပါတယ်။ တကယ်လို့ ကိုယ်သွားလေရာ နေရာကနေ ပြင်ဆင်မှုအများကြီးလုပ်နေရတယ်ဆိုရင် Quickoffice လိုမျိုး လုပ်ဆောင်ချက်တွေ ပြည့်စုံတဲ့ editor မျိုးကို စဉ်းစားကြည့်နိုင်ပါတယ်။ ဒီလိုမျိုး editor တွေကိုသုံးမယ်ဆိုရင်တော့ ငွေကြေးကုန်ကျမှုတစ်ချို့ ရှိလာပါလိမ့်မယ်။ ■

# Win 7 PC ကနေ Game Console ဆီ media stream လုပ်ခြင်း

Windows 7 နဲ့အတူပါရှိတဲ့ Windows Media Player ဟာ စက်နဲ့တွဲဖက်သုံးနိုင်တဲ့ ပစ္စည်းတွေနဲ့ digital media libraries sharing လုပ်နိုင်ပါတယ်။ ဥပမာ – ကိုယ့်ရဲ့ အိမ်သုံး theater အတွက် game console တစ်ခုကနေ media stream ပြုလုပ်နိုင်ပါတယ်။




ကိုယ့် computer ရဲ့ media ကို Xbox 360 dashboard ကနေ access လုပ်နိုင်ပါတယ်

WMP ဟာ ကိုယ့်ရဲ့ My Music ၊ My Pictures နဲ့ My Videos folder တွေကနေ file တွေ အလိုအလျောက် ရှာဖွေနိုင်ပါတယ်။ Media ကို တခြား တစ်နေရာရာမှာ သိမ်းထားတယ်ဆိုရင် file တွေ WMP ဆီ import ပြုလုပ်ပေးပါ။ Libraries view အဖြစ် WMP ကို ဖွင့်ပါ။ Organize ကို click နှိပ်ပြီး manage libraries ကို ရွေးချယ်ပြီး music ၊ pictures ၊ ဒါမှမဟုတ် videos ကိုရွေးပါ။ Folder တွေကို library location Windows ထဲထည့်ပါ။ Libraries view အောက် မှာ sharing လုပ်ပေးနိုင်ဖို့ stream ကို click နှိပ်ပြီး automatically allow devices to play my media ကို ရွေးပါ။ Stream ကို နောက်တစ်ကြိမ် click ထပ်နှိပ်ပြီး more streaming options ကိုရွေးပါ။ ဒီနေရာမှာ media library ကို နာမည်ပေးပါ။ ဒီ screen မှာ library ကနေ လက်ခံရယူနိုင်တဲ့ networked device တွေကိုလည်း ဖော်ပြပေးပါလိမ့်မယ်။ Xbox 360 နဲ့ PlayStation 3 ပေါ်မှာ ကိုယ့်ရဲ့ computer ထဲက media ကို လက်ခံရယူတဲ့အခါ တူညီတဲ့ကွန်ရက်ပေါ်မှာ console နဲ့ PC က ရှိနေတယ်ဆိုရင် console ရဲ့ video ၊ music ၊ ဒါမှမဟုတ် photo library ကို လွယ်ကူစွာ ရယူနိုင်သလိုမျိုး ဖြစ်နေပါတယ်။ ဒါပေမဲ့ PS3 အသုံးပြုသူတချို့မှာ Windows ရဲ့ File and Printer Sharing ဟာ disable ဖြစ်နေတတ်ပါတယ်။ ဒါကို ပြင်ဆင်ဖို့ Start ကို click နှိပ်၊ advanced sharing settings ဆိုတာ ရိုက်ထည့်ပြီး <Enter> နှိပ်ပါ။ Turn on file and printer sharing ဆိုတာ အမှန်ခြစ်ထားပြီး media streaming ကို on ဖြစ်နေ တယ်ဆိုတာ သေချာအောင်စစ်ဆေးပါ။ နောက်ဆုံးမရဘူး ဆိုရင်တော့ PS3 အသုံးပြုသူတွေဟာ PS3mediaserver (*find.pcworld.com/72560*) လို third-party media server software ကို မိမိတို့ရဲ့ computer မှာ စမ်းသုံးကြည့်နိုင်ပါတယ်။ ■

# QR code များ လွယ်ကူစွာဖတ်နိုင်ဖို့



RedLaser ဟာ QR codes ကို ဖတ်ပေးနိုင်ပြီး bar codes ကိုလည်း ဖတ်ပေးနိုင်ပါတယ်

QR (Quick-Response) code တွေဟာ နေရာတိုင်းမှာ ရှိနေပါတယ်။ ယင်းတို့ဟာ web links ၊ စာသား၊ phone နံပါတ်၊ email လိပ်စာ၊ ဒါမှမဟုတ် calendar event တွေကို သိမ်းဆည်းထားနိုင်ပြီး SMS message တွေ ပို့နိုင်ပါတယ်။ သူတို့ကိုဖတ်နိုင်ဖို့ ကိုယ့်ရဲ့ camera တပ်ဆင်ထားတဲ့ phone ၊ ဒါမှမဟုတ် tablet အတွက် QR-code app တစ်ခု လိုအပ်ပါတယ်။ RedLaser ကို iOS (*find.pcworld.com/72555*) ၊ ဒါမှမဟုတ် Android (*find.pcworld.com/72556*) စမ်းသုံးကြည့်ပါ။ Android အတွက် နောက်ထပ် ရွေးချယ်မှုတစ်ခုအဖြစ် QR Droid (*find.pcworld.com/72557*) ကိုလည်း သုံးနိုင်ပါတယ်။ BlackBerry အသုံးပြုသူတွေဟာ QR Code Scanner Pro (*find.pcworld.com/72558*) ကို ကြိုက်နှစ်သက်ပါလိမ့်မယ်။ ဒီ software အားလုံးဟာ အခမဲ့ ဖြစ်ပါတယ်။ QR-code apps အများစု ဟာ ဈေးနှုန်း စစ်ဆေးတာလိုမျိုး bar code တွေကိုလည်း ဖတ်ယူနိုင်ပါတယ်။ ပြီးတော့ QR Droid နဲ့ ကိုယ်ပိုင် code တွေ ပြုလုပ်ယူနိုင်ပါတယ်။ ■

# Ebook တစ်ခုကို Amazon Kindle format အဖြစ် ပြောင်းလဲခြင်း

Amazon Kindle ပစ္စည်းတွေဟာ လူကြိုက်များတဲ့ ePub format ကို ထောက်ပံ့မပေးနိုင်ပါဘူး။ ဒီ format ကို ထောက်ပံ့ပေးနိုင်တဲ့ အခမဲ့ tool ဖြစ်တဲ့ Calibre ကို (*find.pcworld. com/70902*) ကနေ download လုပ်နိုင်ပါတယ်။။ Welcome Wizard ထဲမှာ ebook library အတွက် location တစ်ခုကို ရွေးပေးပြီး Kindle ရဲ့ model ကို ရွေးပေးပါ။ ကိုယ့်ရဲ့ collection ဆီ import လုပ်ဖို့ Add books ကို click နှိပ်ပြီး Kindle ကို computer မှာ ချိတ်ပါ။ Device icon ဟာ Calibre ရဲ့ toolbar ပေါ်မှာ ပေါ်လာပါလိမ့်မယ်။ ကိုယ့်ရဲ့ Kindle ဆီ ebook တစ်ခုကို ပြောင်းလဲပြီး upload လုပ်ဖို့ Calibre library ထဲက ebook ကို device icon ဆီ drag လုပ်ယူပါ။ Calibre ဟာ တခြား format အဖြစ် ဖတ်နိုင်၊ ပြောင်းပေးနိုင်ပေမယ့် digital rights management နည်းပညာနဲ့ကာကွယ်ထားတဲ့ ebook တွေကိုတော့ မပြောင်းလဲပေးနိုင်ပါဘူး။ ■




Calibre မှာ ရှိရင်းစွဲ ebook တွေကို စီမံနိုင်တာ ပြောင်းလဲပစ်တာတွေ လုပ်နိုင်ပါတယ်

# ANSWER LINE

## စနစ်တစ်ခုလုံး ရပ်ဆိုင်းသွားပြီး computer က boot မလုပ်နိုင်တော့ပါဘူး ဘာလုပ်သင့်ပါသလဲ

Computer တစ်လုံးဟာ hard drive ၊ ဒါမှမဟုတ် (CD တစ်ချပ်၊ ဒါမှမဟုတ် flash drive တစ်ခု) ကို boot စတင်ပြုလုပ်ဖို့ ကြိုးစားနေတဲ့ အချိန်မတိုင်ခင် ပိတ်သွားခဲ့တယ်ဆိုရင် hardware ပြဿနာတစ်ခု ရှိနေပါတယ်။

Computer ကိုပြင်ဆင်ဖို့၊ ဒါမှမဟုတ် အစားထိုးဖို့ဆုံးဖြတ်ရပါမယ်။ အရင်ဆုံးတော့ ကိုယ့်ရဲ့ file တွေ ပြန်လည်ရယူ နိုင်ဖို့ လုပ်ရပါမယ်။ အထူးသဖြင့် recently backup လုပ်မထားခဲ့ဘူး ဖြစ်ပါတယ်။ CD ပြားတစ်ချပ်၊ ဒါမှမဟုတ် flash drive တစ်ခု ကနေ boot မလုပ်နိုင်တဲ့အတွက် live Linux တစ်ခု မသုံးနိုင်ပါဘူး။ Computer ရှိ hard drive ကို ဖယ်ထုတ်ပြီး တခြား computer တစ်လုံးမှာ တပ်ဆင်ရပါလိမ့်မယ်။ တကယ်လို့ အလုပ်လုပ်နေတဲ့ computer ဟာ desktop တစ်လုံးဆိုရင် အဲဒါကိုဖွင့်ပြီး ပျက်စီးသွားတဲ့ computer ရဲ့ drive ကို ဒုတိယ၊ non-booting drive တစ်လုံးအဖြစ် install ပြုလုပ်ပါ။ ဒါမှမဟုတ် drive အဟောင်းကို external တစ်လုံးအဖြစ် ပြောင်းလဲပစ်နိုင်ဖို့ IDE-USB ၊ ဒါမှမဟုတ် SATA-USB adapter တစ်ခုကို ငှားရင်ငှား၊ ဝယ်ရင်ဝယ်နိုင်ပါတယ်။ ဖြစ်သွားတဲ့ computer လုပ်ဖို့ လုပ်ဆောင်နေတဲ့ computer တစ်လုံးဟာ drive ကို လက်ခံရယူနိုင်ပြီဆိုရင် ကိုယ့်ရဲ့ file တွေ တခြားတစ်နေရာသို့ ကူးယူရပါမယ်။



IDE-USB ၊ ဒါမှမဟုတ် SATA-USB adapter တစ်ခုဟာ computer ရဲ့ hard drive ကို external တစ်လုံးအဖြစ် ယာယီ ပြောင်းလဲနိုင်ပါတယ်

မေးခွန်းကို ပြန်ကောက်ရမယ်ဆိုရင် စက်ကို စဖွင့်တဲ့အခါ computer ရဲ့ ပန်ကာဟာ စတင်မလည်နိုင်ဘူး၊ ဒါမှမဟုတ် စတင်ပြီး သိပ်မကြာခင် ရပ်သွားတယ်ဆိုရင် power supply က တရားခံဖြစ်နိုင်ပါတယ်။ Desktop computer ရဲ့ power supply တွေကို အစားထိုးလဲလှယ်ကြည့်ပါ။ Power supply တွေက ဈေးသက်သာပြီး အလွယ်တကူအစားထိုးနိုင်ပါတယ်။

Hardware တွေနဲ့ ကျွမ်းကျွမ်းကျင်ကျင် မလုပ်နိုင်ခဲ့ရင် professional တစ်ယောက်ဆီ အကြံဉာဏ်တောင်းကြည့်ရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် computer ဟာ ဟောင်းနွမ်းနေတာဆိုရင်တော့ အသစ်လဲလှယ်လိုက်တာက ပိုပြီးကောင်းပါတယ်။ ■

# Freeware utility တစ်ခုနဲ့ မကောင်းတဲ့ RAM ကို troubleshoot လုပ်ခြင်း




ဒီ အခမဲ့ Memtest86+ ဟာ ကိုယ့်ရဲ့ RAM ပေါ်ရှိ ချွတ်ယွင်းချက်ကို စစ်ဆေးပေးနိုင်ပါတယ်

လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်းငယ်က စာရေးသူရဲ့ laptop ဟာ ရပ်တန့်သွားပြီး screen ပေါ်မှာ line တွေ၊ လေးထောင့်ကွက်အဖြစ် ပြောင်းလဲသွားပါတယ်။ Computer ကိုပိတ်လိုက်ပြီး ပြန် boot လုပ်တဲ့အခါ ပြန်ကောင်းသွားပါတယ်။ ဒီလိုရပ်တန့်သွားတာမျိုးကို နောက်ထပ် မိနစ် ၂၀ ကြာတဲ့အခါ ပြန်ကြုံရပါတယ်။

ဒါက malware infection တစ်ခု၊ ဒါမှမဟုတ် Windows bug တစ်ခုမဟုတ်ပါဘူး။ သေချာတာက hardware ပြဿနာတစ်ခု ဖြစ်ပါတယ်။ ပြန်စဉ်းစားကြည့်တဲ့အခါ 2GB ကနေ 4GB မြှင့်ဖို့ RAM module အသစ်တစ်ခု မကြာသေးခင်က ထည့်ထားမိတာကို သတိရမိပါတယ်။ ဒါဟာ မကောင်းတဲ့ RAM ရှိလို့ ဖြစ်ပါတယ်။ ပထမဆုံး ပြဿနာရှာဖွေသတ်မှတ်ဖို့ memory module အသစ်ကို ဖယ်ရှားပြီး ရပ်တန့်မှုထပ်ဖြစ်လားဆိုတာ စမ်းသပ်ဖို့ laptop ကို restart လုပ်ပါတယ်။ ထပ်မဖြစ်ခဲ့ပါဘူး။ ဒီအချိန်မှာ memory module အသစ်ဟာ အမှန်တကယ်ပျက်နေလားဆိုတာသိရအောင် အခမဲ့ Memtest86+ utility (*find.pcworld.com/72531*) ကို ရယူခဲ့ပါတယ်။ အရင်တုန်းက ဆိုရင် Memtest86+ ကို CD တစ်ချပ်မှာ burn ပြီး အဲဒီ disc ကနေ boot လုပ်ရပါတယ်။ ဒါက optical drive မပါတဲ့ laptop အတွက် အလုပ်မဖြစ်စေတဲ့နည်းလမ်းတစ်ခုပါပဲ။ အခုတော့ flash-drive version တစ်ခုအဖြစ် ရှာဖွေနိုင်ပြီး install လုပ်ပြီးတာနဲ့ အသုံးပြုနိုင်ပါပြီ။ Drive တစ်ခုကို (ဘယ်အရွယ်အစားမဆို၊ ဒီ utility ဟာ 125KB ပဲ ရှိပါတယ်) တပ်ပြီး download လုပ်တာ "Auto-installer for USB key" ဆိုတာ run လိုက်ရုံပါပဲ။ ဒီလုပ်ဆောင်ချက်ဟာ drive တစ်ခုလုံး ဖျက်ပစ်ဖို့ လိုအပ်ပါတယ်။

အဲဒီနောက် ကိုယ့် computer ကို ဒီ flash drive ထည့်ပြီး reboot လုပ်ပါ။ (BIOS ကို ဝင်ရောက်ဖို့၊ ဒါမှမဟုတ် drive ကနေ computer boot တက်လာအောင်လုပ်ဖို့ စခြင်းမှာ boot menu တစ်ခုကို ခေါ်ယူပါ။) Memtest86+ ဟာ ချက်ချင်း စတင်လာပါလိမ့်မယ်။ ဒီ tool ဟာ သုံးတဲ့သူအတွက် ရင်းနှီးကျွမ်းဝင်မှု မရှိနိုင်ပေမယ့် မကောင်းတဲ့ RAM ကို ဖော်နိုင်ပါတယ်။ တကယ်လို့ ကိုယ့်မှာ အပြစ်အနာအဆာရှိနေတဲ့ RAM ရှိနေတယ်ဆိုရင် Blue Screens of Death နဲ့ တခြား စနစ်ပြဿနာလေးတွေအတွက် ရှင်းလင်းချက်တစ်ခု ဖြစ်ပါတယ်။ မှတ်တမ်းအရ ဆိုရင် ဒီ tool ဟာ RAM မှာ ဘာပြဿနာမှ ရှာမတွေ့ပါဘူး။ Memory module အသစ်ကို ပြန်ထည့်သုံးတဲ့အခါ laptop ဟာ နောက်တစ်ကြိမ် ရပ်တန့်သွားတာမရှိပါဘူး။ Memory module အသစ်ဟာ သေချာအထိုင်မကျလို့ ပြဿနာရှိတာပဲ ဖြစ်နိုင်ပါတယ်။ ■